၁၉ ရက်၊ ဒီဇင်ဘာလ ၂၀၁၄။
**စီးပွားရေးဆိုင်ရာလူ့အခွင့်အရေးအရင်းမြစ်စင်တာ-မြန်မာ့နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုခြေရာခံစီမံကိန်း**

၁။ မြန်မာနိုင်ငံတွင် သင့်ကုမ္ပဏီအနေဖြင့် ရင်းနှီးမြှုပ်နှံမှု (သို့မဟုတ်) လုပ်ငန်းဆောင်ရွက်မှုများ (သို့မဟုတ်) ထိုသို့လုပ်ဆောင်ရန် လေးလေးနက်နက်စဉ်းစားနေပါသလား။ အကယ်၍ မြန်မာနိုင်ငံအတွင်း ထိုသို့လုပ်ဆောင်ရန်စဉ်းစားနေသည်ဆိုလျှင် အဆိုပါရင်းနှီးမြှုပ်နှံမှုများ၏ သဘောသဘာဝ၊ မည်သည့်ပထဝီနေရာဒေသနှင့် မည်သည့်လူမှုအဝန်းအဝိုင်းတို့အား အကျိုးသက်ရောက်မှုရှိစေမည်ဆိုသည်ကို ဖော်ပြပေးပါ။

**တုန့်ပြန်ဖြေကြားချက်**

TPG အနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု နှစ်ခုရှိပါသည်။ TPG Growth အနေဖြင့် Apollo Tower Myanmar Ltd (Apollo Towers) တွင် Tillman Global Holdings၊ LLC (Tillman) တို့နှင့်အတူ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ထားပြီး ဆက်သွယ်ရေးဆိုင်ရာတာဝါတိုင်များနှင့် ဆောက်လုပ်ရေးကဏ္ဍတို့တွင် ရင်းနှီးမြှုပ်နှံလျှက်ရှိသည်။ TPG Asia သည် Northstar Pacific Partners နှင့်အတူ မြန်မာနိုင်ငံအတွင်းရှိ အသေးစားငွေကြေးနှင့်စီးပွားရေးလုပ်ငန်းများကဏ္ဍတွင် ရင်းနှီးလုပ်ကိုင်လျှက်ပါသည်။

Apollo Towers သည် မြန်မာနိုင်ငံအနှံ့အပြားတွင် ဆက်သွယ်ရေးတာဝါတိုင်များ တည်ဆောက်ရန် စီမံလျှက်ရှိသည်။ပထမဆုံးသော ဆက်သွယ်ရေးတာဝါတိုင်များ ဆောက်လုပ်ရာတွင် ဒေသခံအာဏာပိုင်အဖွဲ့အစည်းများနှင့် အခြားအဖွဲ့အစည်းများဖြစ်သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ နေပြည်တော်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြန်မာ့ရင်းနှီးမြှုပ်မှုကော်မရှင်၊ မြန်မာ့သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့အစည်း (MICT) နှင့် ဝန်ကြီးဌာနများပါဝင်ပြီး၊ ထပ်မံတည်ဆောက်ထားသည့် တာဝါတိုင်လုပ်ငန်း ပေါင်း ၁၀၀၀ ကျော်ရှိသည်။

Apollo Tower ၏ ကနဦးသုံးစွဲသူမှာ မကြာသေးမီကမှ တယ်လီဖုန်းဝန်ဆောင်မှုလိုင်စင်ရရှိထားသော နော်ဝေးနိုင်ငံတယ်လီနောအုပ်စု၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် တယ်လီနောမြန်မာအဖွဲ့ဖြစ်ပါသည်။ Apollo towers အနေဖြင့် လက်ရှိအချိန်တွင် မြန်မာနိုင်ငံသား ၇၅ ဦးအပါအဝင်၊ ဝန်ထမ်းပေါင်း ၁၆၀ အား အချိန်ပြည့်ဝန်ထမ်းများအဖြစ် ခန့်အပ်ထားသည်။ အစီရင်ခံတင်ပြသည့်ကာလအထိ မြန်မာနိုင်ငံသား ဝန်ထမ်း ၃ ဦးခန့်ထားသည့် Pacific Star အနေဖြင့် ၄င်းတို့၏လုပ်ငန်းများအပြည့်အဝဆောင်ရွက်နိုင်သေးခြင်းမရှိပဲ၊ ၄င်းအဖွဲ့အနေဖြင့် မြန်မာနိုင်ငံအတွင်း အောက်ပါဝန်ဆောင်မှုများပေးသွားရန်ရည်ရွယ်ထားပါသည်။

- အသေးစားချေးငွေလုပ်ငန်း- အဓိကအားဖြင့်အလယ်အလတ်နှင့် အသေးစားစီးပွားရေးလုပ်ငန်းရှင်များ၊ အသေးစားမိသားစုစီးပွားရေးလုပ်ငန်းများနှင့် အသေးစားစွန့်ဦးတီထွင်လုပ်ငန်းများအတွက် ရည်ရွယ်သည်။

- အငယ်စားနှင့်အလယ်အလတ်ဝင်ငွေရှိသော သုံးစွဲသူတို့အား ငွေစုငွေချေးလုပ်ငန်းများထုတ်ချေးခြင်း။
- နိုင်ငံအတွင်းငွေကြေးလွှဲပြောင်းမှုလုပ်ငန်း။
- အသေးစားနှင့်ဝင်ငွေအလယ်အလတ်ရှိသော မိတ်ဖက်များအတွက် ရည်ရွယ်သည့် အသေးစားအာမခံလုပ်ငန်းများနှင့်ဝန်ဆောင်မှုများ။ ၎င်းတွင် ပင်စင်စီမံကိန်းများ၊ ငွေကြေးစီမံချက်များနှင့် အတိုင်ပင်ခံဝန်ဆောင်မှုလုပ်ငန်းများပါဝင်သည်။

**မှတ်ချက်**။ ။ Pacific Star သည် ၎င်း၏လုပ်ငန်းများ၌ ကနဦးအဆင့်တွင်သာရှိနေသေးပြီး ပြည့်ဝစွာ လုပ်ငန်းလည်ပတ်မှုမရှိသေးပေ။ လက်ရှိအချိန်ထိ ဒေသအတွင်းစီးပွားမိတ်ဖက်မရှိသေးပါ။ လုပ်ငန်းများစတင်လည်ပတ်သောအခါ ကျွန်ုပ်တို့အနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးမူဝါဒကောင်းများနှင့် အစီအမံကောင်းများ ထားရှိဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့အပြင် ပဋိပက္ခဖြစ်ပွားရာ ဌာနေတိုင်းရင်းသားနယ်မြေများတွင် တပ်မတော်နှင့်ဆက်ဆံရန် အကန့်အသတ် အခက်အခဲများရှိနေသေးသည်။ လက်ရှိအချိန်ထိ ကုမ္ပဏီမှပိုင်ဆိုင်သည့်မြေဟူ၍ မရှိသေးပေ။ မြန်မာနိုင်ငံသားဝန်ထမ်း ၃ ဦးလုံးသည် Save the Children အသေးစားချေးငွေစီမံကိန်း အပါအဝင် အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ(NGO)နှင့် အလုပ်လုပ်ဖူးသည့် အတွေ့အကြုံရှိသူများ ဖြစ်ပြီး၊ ၎င်းတို့၏ မိတ်ဖက်များမှာလည်း ဈေးသည်များကဲ့သို့သော အသေးစားစွန့်ဦးတည်ထွင်သူများဖြစ်ရန် မျှော်လင့်သည်။

၂။ သင့်အဖွဲ့အစည်းအနေဖြင့် မြန်မာနိုင်ငံ၌ စီးပွားရေးလုပ်ငန်းများ (သို့မဟုတ်) ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရာတွင် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်လူမှုရေးဆိုင်ရာပဋိပက္ခများဖြစ်ပွားမှုမှ အကာအကွယ် အထောက်အပံ့ဖြစ်စေမည့် စီမံချက်များ၊ လုပ်ငန်းမူဝါဒများထားရှိပါသလား။ အဆိုပါမူဝါဒများနှင့် လုပ်ငန်းစဉ်များသည် မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမည့် သင့်ကုမ္ပဏီအတွက် မည်သို့အကျိုးသက်ရောက်မှုရှိမလဲဆိုသည်ကို ဖော်ပြပေးပါ။ အကယ်၍သင့်ကုမ္ပဏီတွင် လူ့အခွင့်အရေးဆိုင်ရာ ကျင့်ဝတ်နှင့်မူဝါဒများ ထားရှိပါက ၎င်းတို့အား အင်တာနက်စာမျက်နှာများတွင် ဖြန့်ဝေထားနိုင်ပါသလား။

**တုန့်ပြန်ဖြေကြားချက်**

TPG တွင် ကမ္ဘာလုံးဆိုင်ရာ ရေရှည်တည်တံ့မှုနှင့် ESG မူဝါဒတို့ရေးဆွဲထားရှိပြီး ယင်းတို့ကို ပူးတွဲပို့ပေးထားပါသည်။ ထို့အပြင် TPG အနေဖြင့် လူ့အခွင့်အရေး၊ ဝန်ထမ်းခန့်အပ်မှုဆိုင်ရာဥပဒေနှင့် လူထုဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို ဦးစားပေးဆောင်ရွက်ကာ စုစည်းထားသည်။ မြန်မာနိုင်ငံဆိုင်ရာ ကျွန်ုပ်တို့၏ ရင်းနှီးမြှုပ်နှံမှုနှင့်စပ်လျဉ်း၍မူ Apollo ၌ နိုင်ငံတကာစီးပွားရေးလုပ်ငန်းကျင့်ဝတ်ကိုအခြေခံသည့် ကျွန်ုပ်တို့၏ ဝန်ထမ်းခန့်အပ်ရေးမူဝါဒရှိပြီး သင့်ထံသို့ ပူးတွဲပေးပို့ထားပါသည်။

Pacific Star အနေဖြင့်မူ လက်ရှိအချိန်ထိ မည်သည့်မူဝါဒမှမရှိသေးသကဲ့သို့ ဒေသဆိုင်ရာစီးပွား မိတ်ဖက်လည်း မရှိသေးပါ။ မေးခွန်းနံပါတ် ၁ ဖြေကြားချက်များအား ကိုးကားပါရန်။ စီးပွားရေးလုပ်ငန်း များစတင်လုပ်ကိုင်လာပါက ကောင်းမွန်သော အဂတိလိုက်စားမှုတိုက်ဖျက်ရေးမူဝါဒနှင့် လုပ်ငန်းစဉ်များ ချမှတ်လုပ်ဆောင်သွားပါမည်။ နောက်ဆုံးအနေဖြင့် TPG သည် တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအား လက်မှတ်ရေးထိုးထားသည့်အဖွဲ့အစည်းတစ်ရပ် ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ အစီရင်ခံစာအား ၂၀၁၅ခုနှစ် ဧပြီလအတွင်း PRI ၏အင်တာနက်ဝက်ဘ်ဆိုဒ်ဖြစ်သော (http://www.unpri.org/) တွင် အများပြည်သူလေ့လာနိုင်ရန် တင်ပေးနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။ ကျွန်ုပ်တို့အနေဖြင့်လိုက်နာကျင့်သုံးသော အခြေခံမူ ၆ ခုမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**စည်းမျဉ်း ၁**။ ကျွန်ုပ်တို့အနေဖြင့် ESG ကိစ္စရပ်များတွင်ပူးပေါင်းဆောင်ရွက်ပြီး ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လေ့လာသုတေသနပြုမှုနှင့် ဆုံးဖြတ်ချက်များချမှတ်သည့် ဖြစ်စဉ်တို့တွင်ပါဝင်ရန်။

**စည်းမျဉ်း ၂**။ ကျွန်ုပ်တို့သည် နိုးကြားမှုရှိသောပိုင်ရှင်များအဖြစ် ESG ကိစ္စရပ်တို့တွင် ပိုင်ဆိုင်မှုဆိုင်ရာ မူဝါဒများနှင့် အလေ့အကျင့်များအတွက်ပူးပေါင်းလုပ်ဆောင်ရန်။

**စည်းမျဉ်း ၃**။ ကျွန်ုပ်တို့အနေဖြင့် ကျွန်ုပ်တို့ရင်းနှီးမြှုပ်နှံထားသော လုပ်ငန်းများအတွက် ESG နှင့်သက်ဆိုင်သော ကိစ္စရပ်များတွင် သင့်လျှော်သလို ထုတ်ဖော်ကာပူးပေါင်းဆောင်ရွက်သွားရန်။

**စည်းမျဉ်း ၄**။ ကျွန်ုပ်တို့အနေဖြင့် မိမိတို့ရင်းနှီးမြှုပ်နှံထားသောကဏ္ဍတို့တွင် စည်းမျဉ်းစည်းကမ်းများ အား လက်ခံကျင့်သုံးမှုနှင့် အကောင်အထည်ဖော်ဆောင်မှုတို့ကို အရှိန်တိုးမြှင့်လုပ်ဆောင်သွားရန်။

**စည်းမျဉ်း ၅**။ စည်းမျဉ်းစည်းကမ်းများအား အကောင်အထည်ဖော်ဆောင်ရာတွင် ထိရောက်မှုရှိရေး အတွက် တိုးမြှင့်ကာ ပူးပေါင်းလက်တွဲလုပ်ဆောင်သွားရန်။

**စည်းမျဉ်း ၆**။ စည်းမျဉ်းစည်းကမ်းများအား လိုက်နာကျင့်သုံးလုပ်ဆောင်ကြရာတွင် မိမိတို့၏လုပ်ငန်း များအပေါ် အပြန်အလှန်အစီရင်ခံတင်ပြကြရန်။

၃။ သင့်အဖွဲ့အစည်း၌ မေးခွန်းနံပတ် ၂ တွင်ဖြေကြားခဲ့သော စည်းမျဉ်းစည်းကမ်းများနှင့်မူဝါဒများအား လိုက်နာဆောင်ရွက်မှုရှိမရှိကို မည်သူကတာဝန်ယူခေါင်းဆောင်မှုပေးရပါသလဲ။

**တုန့်ပြန်ဖြေကြားချက်**

TPG အနေဖြင့် ၄င်း၏ အတိုင်းအတာတစ်ခုအထိရှိသော အရင်းအမြစ်များဖြင့် ESG စီမံကိန်းတွင် ရေရှည်ရပ်တည်လုပ်ဆောင်နိုင်ရေးအား ပံ့ပိုးမှုပြုနိုင်ရန် ဆောင်ရွက်သွားမည်။ ကျွန်ုပ်တို့တွင် နိုင်ငံတကာရှိ စီးပွားရေးလုပ်ငန်းများအဖွဲ့နှင့် လုပ်ကိုင်လျှက်ရှိသည့် ရေရှည်တည်တံ့ရေးနှင့် ESGအဖွဲ့

ဟူ၍ရှိသည်။ ၄င်းအဖွဲ့သည် ESG ၏ ကိစ္စရပ်များနှင့်စပ်လျဉ်းသည့်ကိစ္စရပ်များ စီမံခန့်ခွဲခြင်းကို အထောက်အကူဖြစ်စေရန်အတွက် မိတ်ဖက် NGO များနှင့်တွေ့ဆုံခြင်း၊ မူဝါဒနှင့်ရည်မှန်းချက်များ ချမှတ်ခြင်း၊ ကျွန်ုပ်တို့ကုမ္ပဏီများဘက်၌ (သို့မဟုတ်) ရေရှည်တည်တံ့သော ခေါင်းဆောင်မှုရေးရာ ကောင်စီ (Sustainability Leadership Council) အား ပိုမိုကျယ်ပြန့်သော ပွင့်လင်းမြင်သာမှုရှိရေး ဆောင်ရွက်ခြင်းတို့ကို တာဝန်ယူရသည်။

လုပ်ငန်းတွင်းရှိ Sustainability & ESG Program အား ပေါင်းစည်းဆောင်ရွက်နိုင်ရန်အလို့ငှာ ESG အဖွဲ့အနေဖြင့် TPG ၏ လုပ်ငန်းဆောင်ရွက်မှုအရာရှိချုပ် (Chief Operating Officer) ဖြစ်သော Jerome Vascellaro ထံသို့ လိုအပ်သော အစည်းအဝေးအစီအစဉ်များနှင့်အတူ လစဉ်အစီရင်ခံ တင်ပြရသည်။

Elizabeth Lowery (အမိကဦးဆောင်သူ) သည် ရည်ရှည်တည်တံ့သောစီမံကိန်းအတွက် ဦးဆောင်မှု ပြုပြီး အကြီးတန်းအကြံပေးအရာရှိဖြစ်သည့် Edward Norton၊ တွဲဖက်ဖြစ်သောဖြစ်သော Emily Corft-Baker ၊ အကြံပေးဖြစ်သော Kirk Hourdajian ၊ အကြီးတန်းအကြံပေးဖြစ်သော William Reilly တို့နှင့် ပူးပေါင်းလုပ်ဆောင်ပြီး ပြင်ပအရင်းအမြစ်များနှင့်လည်း ပူးပေါင်းလုပ်ဆောင်သည်။ TPG သို့မဝင်ရောက်မီ Ms Lowery သည် General Motors ကားကုမ္ပဏီတွင် နှစ်ပေါင်း ၂၀ ခန့် တာဝန်ထမ်းဆောင်ခဲ့ပြီး အဆိုပါကုမ္ပဏီတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာအကြံပေးသူအဖြစ် လည်းကောင်း၊ မြောက်အမေရိကဆိုင်ရာ အထွေထွေအကြံပေးနှင့် သဘာဝပတ်ဝန်းကျင်၊စွမ်းအင် နှင့်ဘေးအန္တရာယ်လုံခြုံရေးမူဝါဒဆိုင်ရာ ကော်ပိုရိတ် ဒုတိယဉက္ကဌ အစရှိသဖြင့် တာဝန်နှင့်ရာထူး များစွာ ထမ်းဆောင်ခဲ့သူဖြစ်သည်။ Mr Lowery နှင့် အဖွဲ့သည် အဓိကျသော ကဏ္ဍ ၄ ရပ်နှင့် သက်ဆိုင်သည့် TPG ၏ရေရှည်တည်တံ့ရေးနှင့် ESG ဗျူဟာတို့ကို (TPG’s Sustainability & ESG strategy) အား အကောင်အထည်ဖော်ရပြီး၊ အဆိုပါကဏ္ဍ ၄ ရပ်တွင် ESG ၏ ရင်းနှီးမြှုပ်နှံမှု ဖြစ်စဉ်အတွင်း ကျင့်ဝတ်လိုက်နာကျင့်သုံးမှု၊ ကုမ္ပဏီများအဖွဲ့နှင့်၄င်းတစ်ဖွဲ့ချင်းစီအား မောင်းနှင်သည့် အချက်များအား လေ့လာခြင်း၊ ဆက်သွယ်ရေးနှင့် နယ်ပယ်များ ဖြန့်ကျက်သုံးသပ်ရသည့် စီမံကိန်း ဆိုင်ရာခေါင်းဆောင်မှု၊ လုပ်ငန်းမိတ်ဖက်များနှင့် ရေရှည်တည်တံ့မှုရေးရာကောင်စီတို့မှတဆင့် အကောင်းဆုံးသောအလေ့အကျင့်များ မျှဝေကျင့်သုံးခြင်းတို့ကို အခက်အခဲစိန်ခေါ်မှုများ လျှော့ချနိုင်ရေး၊ အခွင့်အလမ်းများရှာဖွေရေးနှင့် တန်ဘိုးများမြှင့်တင်နိုင်ရေးတို့အတွက် တာဝန်ယူ ရသည်။

အသေးစိတ်သိရှိလိုပါက အောက်ပါအရင်းအမြစ်များသို့ဆက်သွယ်လေ့လာနိုင်ပါသည်။

www.tpg.com/sustainability

Apollo တာဝါများနှင့်သက်ဆိုင်လျှင် - Bill Pollack, Global PMO, Apollo Towers

Pacific Star နှင့်သက်ဆိုင်လျှင် –လက်ရှိကာလတွင်မရှိပါ။ မေးခွန်းနံပတ် ၁ အားကိုးကားရန်။

၄။ အကယ်၍ သင်၏အဖွဲ့အစည်းအတွင်း လူ့အခွင့်အရေးဆိုင်ရာမူဝါဒများနှင့် လုပ်ငန်းစဉ်များ မရှိသေးပါက၊ အဆိုပါလိုအပ်ချက်တို့အား ပြင်ဆင်ထားရှိရန် အစီအစဉ်ရှိပါသလား။ အကယ်၍ရှိလျှင် မည်သို့သော အစီအမံဆောင်ရွက်မှုများ လုပ်ဆောင်နေပါသလဲ။

**တုန့်ပြန်ဖြေကြားချက်**

Pacific Star - မေးခွန်းနံပတ် ၁ မှ ဖြေကြားချက်အား ကိုးကားရန်။

၅။ သင်၏အဖွဲ့အစည်းအနေဖြင့် လက်နက်ကိုင်ပဋိပက္ခများအပါအဝင် လူမျိုးရေးနှင့်လူမှုရေးဆိုင်ရာ အကြမ်းဖက်မှုများ အစရှိသည့် ပဋိပက္ခများအား မည်ကဲ့သို့ကာကွယ် (သို့မဟုတ်) လျှော့နည်းစေရန် ကိုင်တွယ်ဖြေရှင်းပါသလဲ။ အဆိုပါအခြေအနေမျိုးအတွက် ထားရှိသည့် အဖွဲ့အစည်းဆိုင်ရာ မူဝါဒများနှင့် လုပ်ငန်းစဉ်များ၊ လူထုနှင့်ထိတွေ့ဆက်ဆံလျက် အကျိုးရလဒ်များခွဲဝေခြင်းတို့နှင့် သက်ဆိုင်သည့်တို့ကို ဆွေးနွေးအဖြေ ရာသည့် လုပ်ငန်းစဉ်များအား ဖော်ပြပေးပါ။

**တုန့်ပြန်ဖြေကြားချက်**

Apollo Towers တွင် TPG ၏ရင်းနှီးမြှုပ်နှံမှုမှတဆင့် TPG သည် မြန်မာနိုင်ငံ၏ လူမှုရေးနှင့် မူဝါဒရေးရာစိန်ခေါ်မှုအခက်အခဲများအား ကောင်းစွာနားလည်သဘောပေါက်ပါသည်။ TPG နှင့် Apollo Towers တို့အနေဖြင့် တိုင်းပြည်၏ လူမှုရေးနှင့်ငွေကြေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများအပေါ် အပြုသဘောဆောင်သည့်ပံ့ပိုးမှုများဖြစ်ထွန်းစေရန် အောက်ပါအချက်များအား ဆောင်ရွက်ခဲ့ပြီး ဖြစ်သည်။

- ဝန်ထမ်းများအားလုံး၊ ကန်ထရိုက်တာများနှင့်ထုတ်လုပ်မှုပံ့ပိုးသူများတို့သည် Apollo Tower ၏ နိုင်ငံတကာမူဝါဒအဆင့်အတန်းများအား လက်မှတ်ရေးထိုးရန် လိုအပ်သည်။ အဆိုပါ မူဝါဒများတွင် အလုပ်သမားများ၏ ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေး၊ အသက် မပြည့်သေးသူများအား ငှားရမ်းခန့်ထားခြင်းတို့အား တားမြစ်ချက်၊ ခွဲခြားဆက်ဆံမှု ကင်းရှင်းရေးမူဝါဒများ၊ လူ့အခွင့်အရေးများအားလုံး လေးစားတန်ဘိုးထားရန်နှင့် လာဘ်ပေးလာဘ်ယူမှုများအား လုံးဝသည်းခံခွင့်လွှတ်ခြင်းမပြုရေး အစရှိသည့်မူဝါဒများ ပါဝင်သည်။ (ပူးတွဲစာတမ်းအား ကိုးကားရန်။)
- Apollo Towers သည် ကန်ထရိုက်သဘောသဘာဝလိုအပ်ချက်အရ အလားအလာရှိသော အငှားချမည့်သူသည် ဆက်သွယ်ရေးအော်ပရေတာထံမှ ဝန်ထမ်းများနေရာချထားရာတွင် မည်သည့် လူမျိုး၊ မည်သည့်ဘာသာဝင်ကိုမဆို ချွင်းချက်မရှိလက်ခံရန်လိုအပ်သည်။
- Apollo towers ၏ အဓိကရည်မှန်းချက်မှာ - ဆက်သွယ်ရေးတာဝါတိုင်များတည်ဆောက်ခြင်း- မြန်မာလူထုအတွက်အကျိုးပြုခြင်း- မြန်မာလူထုအား ပြင်ပကမ္ဘာနှင့်ချိတ်ဆက်ပေးခြင်းတို့ ဖြစ်သည်။

- TPG အနေဖြင့် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုအပေါ် ယုံကြည်မှုအပြည့်အဝရှိပြီး အနာဂတ်ရင်းနှီးမြှုပ်နှံမှုများအတွက် မျှော်လင့်လုပ်ဆောင်လျက်ရှိသည်။
  Apollo towers ရင်းနှီးမြှုပ်နှံမှုမှတဆင့် မြန်မာလူထု၏အကျိုးကို သယ်ပိုးခွင့်ရသောကြောင့် TPG သည် ကောင်းမွန်သော လုပ်ဆောင်သူများအဖြစ် အလွန်ဂုဏ်ယူဖွယ်ရာဖြစ်ပြီး သင်တို့၏ အကန့်အသတ်ဖြင့်ရှိနေသောအခြေအနေအပေါ် ပြန်လည်သုံးသပ်ပေးလျင် ကျေးဇူးတင်မည် ဖြစ်သည်။

၆။ သင်၏စီးပွားရေးရင်းနှီးမြှုပ်နှံမှု (သို့မဟုတ်) လုပ်ငန်းများဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ အဖွဲ့အစည်းများအနေဖြင့်လည်းကောင်း အရပ်ဘက်လူမှုအဖွဲ့အစည်းများအနေဖြင့်လည်းကောင်း မေးမြန်းသိရှိလိုသည်များရှိလျှင် မည်ကဲ့သို့ဆက်သွယ်နိုင်ပါသလဲ။

**တုန့်ပြန်ဖြေကြားချက်**

သူရကို (tko@advisorytpg.com)

၇။ သင့်စီးပွားရေးလုပ်ငန်းများနှင့်စပ်လျဉ်းသည့်မေးခွန်းများအတွက် ဆက်လက်ပြီးဖိတ်ခေါ်လိုပါသည်။ အောက်ပါကဏ္ဍအသီးသီးအား ဖြေရှင်းရန်အတွက် သင့်အဖွဲ့အစည်းအတွင် မူဂါဒနှင့်လုပ်ငန်းစဉ်များ ရှိပါသလား။ ရှိလျှင် အသေးစိတ်ဖော်ပြပေးပါ။

**တုန့်ပြန်ဖြေကြားချက်**

(က) သင့် ကုမ္ပဏီတွင် ကျား-မ၊ လူမျိုးရေး၊ ဘာသာရေး၊ နိုင်ငံသား၊ အစရှိသည်တို့အပေါ် ခွဲခြားဆက်ဆံမှုမရှိစေရန် တားမြစ်ထားသည့်မူဂါဒပြဌာန်းချက်များရှိပါသလား။

ဟုတ်ကဲ့။ ရှိပါသည်။ မေးခွန်းနံပတ် ၁ ဖြေကြားချက်တွင် ဖော်ပြထားသည့် Apollo towers ၏ မူဂါဒများအား ကိုးကားရန်။

(ခ) သင့် ကုမ္ပဏီတွင် လူ့အခွင့်အရေးကျင့်ဝတ်ဆိုင်ရာမူဂါဒများနှင့်အစီအမံများ ထားရှိပါသလား။ ၎င်းမူဂါဒများသည် မိမိတို့ကုမ္ပဏီ၏မိတ်ဖက်အဖွဲ့အစည်းများအထိ အကျိုးသက်ရောက်မှု ရှိပါသလား။ ကျေးဇူးပြု၍ အပြည့်အစုံဖြေကြားပေးပါ။

ဟုတ်ကဲ့။ ရှိပါသည်။ အထက်တွင်ဖော်ပြထားသည့်ဖြေကြားချက်များအားကိုးကားရန်။